# ပင်းယခေတ်ကျောက်စာများမှကြိယာပုဒ်ဖွဲ့ပုံလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


ခင်သန္တာကျော်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ

# ကျမ်းအကျဉ်းချုပ်

ဤပါရဂူဘွဲ့ကျမ်းမှာ “ပင်းယခေတ်ကျောက်စာများမှ ကြိယာပုဒ်ဖွဲ့ပုံ”ကို လေ့လာသောကျမ်းဖြစ်ပါသည်။ ဤကျမ်းသည် ပင်းယခေတ် မြန်မာဘာသာစကားစနစ်ကို ဘာသာဗေဒရှုထောင့်မှ လေ့လာသည့်ကျမ်းဖြစ်ပါသည်။ မြန်မာဘာသာစကားသမိုင်းကို လေ့လာရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဤကျမ်းကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဤကျမ်းမတိုင်မီက ပြုစုပြီးစီးခဲ့သော ကျောက်စာနှင့် ဘာသာဗေဒပါရဂူဘွဲ့ယူကျမ်းအားလုံးကို ဖတ်ရှုညှိနှိုင်း၍ နည်းနာယူပါသည်။ ပင်းယခေတ် အေဒီ (၁၃၁၂–၁၃၆၄) အထိ ကာလအတွင်း ရေးထိုးခဲ့သော ကျောက်စာများကို သရုပ်ဖော်ဘာသာဗေဒနည်းဖြင့် စီစစ်လေ့လာတင်ပြထားသည့် ကျမ်းဖြစ်သည်။ သရုပ်ဖော်ဘာသာဗေဒကို အခြေခံ၍ လိုအပ်သည့်နေရာများတွင် အတ္ထဗေဒ (အနက်အဓိပ္ပာယ်)စနစ်ကို သုံး၍ စီစစ်လေ့လာထားသောကျမ်း ဖြစ်ပါသည်။